ချက်ချင်းထုတ်ပြန်ရန်

# ပူးတွဲသတင်းထုတ်ပြန်ချက်

# ဟက်ကသွန် ၂၀၁၈ အနိုင်ရသည့် အဖွဲ့ ၃ ဖွဲ့အား ကြေညာ

**၂၀၁၈၊ ဒီဇင်ဘာလ ၁၀ ရက် - ရန်ကုန်၊ မြန်မာ။** လူငယ်ပရိုဂရမ်မာများနှင့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များက မိုဘိုင်းအပလီကေးရှင်းများကို ပါဝင်ရေးဆွဲခဲ့ကြသည့် မြန်မာနိုင်ငံ၏ အကြီးမားဆုံး ဟက်ကသွန်ပြိုင်ပွဲကြီး၏ ဆုပေးပွဲ အခမ်းအနားအား ဒီဇင်ဘာလ ၉ ရက်နေ့က ရန်ကုန်မြို့၊ မြန်မာပလာဇာရှိ အူရီဒူးမြန်မာရုံးခန်းတွင် ကျင်းပခဲ့ပါ သည်။ ပါဝင်ယှဉ်ပြိုင်ရန် စာရင်းပေးခဲ့သည့် အဖွဲ့များထဲမှ ၁၈ ဖွဲ့အား အသေးစိတ်စိစစ်ရွေးချယ် ယှဉ်ပြိုင်စေခဲ့ပြီး နောက် ဆန်းသစ်တီထွင်မှုအကောင်းဆုံး အပလီကေးရှင်းများ ရေးနိုင်သော အဖွဲ့သုံးဖွဲ့အား အနိုင်ရသော အဖွဲ့များ အဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့များမှာ Team Deca, Divas နှင့် Blind Head တို့ ဖြစ်ပါသည်။

'ဟက်ကသွန် ၂၀၁၈' အား အူရီဒူးမြန်မာနှင့် UNDP တို့ ပူးတွဲကျင်းပခဲ့ပြီး IMPACT HUB ရန်ကုန်မှ ကူညီပံ့ပိုးပေးပါ သည်။ ဟက်ကသွန်ကို ဒီဇင်ဘာလ ၈ ရက်နှင့် ၉ ရက်နေ့များတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့၌ တစ်ပြိုင်နက် ကျင်းပခဲ့ပါသည်။ အတွေ့အကြုံရှိသော facilitator များနှင့် mentor များက ပါဝင်ယှဉ်ပြိုင်သူများအား စီးပွားရေးလုပ်ငန်းပိုင်း ဆိုင်ရာ စွမ်းရည်များနှင့် ၎င်းတို့၏ အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်များ တိုးတက်လာစေရန် ကူညီပံ့ပိုးပေးကြပါသည်။

အကဲဖြတ်ဒိုင်လူကြီးများအဖွဲ့တွင် ပြည်တွင်းရှိ ICT ကဏ္ဍမှ အများ၏ လေးစားအသိအမှတ်ပြုမှုများ ရရှိထားကြသည့် ပညာရှင်များနှင့် မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ကြပါသည်။ ဒိုင်လူကြီးများမှာ Tim Aye Hardy (မြန်မာမိုဘိုင်းပညာရေးစီမံချက် myME ၏ ပူးတွဲတည်ထောင်သူနှင့် Executive Director)၊ ရန်မင်းအောင် (360ed ၏ Managing Director)၊ ယဉ်ယဉ်ဖြူ (Greenway/Greenovator မိုဘိုင်းအပလီကေးရှင်းအား ပူးတွဲတည်ထောင်သူ)၊ နီလာ (အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် အွန်လိုင်းအစီအစဉ်ဖြစ်သည့် Her Myanmar အား ပူးတွဲတည်ထောင်သူ)၊ Lach Baniya (အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် အွန်လိုင်းမဂ္ဂဇင်းဖြစ်သော ဂန္ထဝင်မဂ္ဂဇင်း၏ တည်ထောင်သူ)၊ မေမိုးဝါ (WWF မြန်မာ၊ OD နှင့် Partnership Director)၊ ခင်ဇာလီအေး (မြန်မာနိုင်ငံ ဆွစ်ဇာလန်သံရုံးမှ နည်းပညာအကြံပေးအရာရှိ)၊ နှင့် Pem Chuki Wangdi (အစီအစဉ် ကျွမ်းကျင်ပညာရှင်၊ UNDP) တို့ ဖြစ်ပါသည်။

အနိုင်ရသောအဖွဲ့သုံးဖွဲ့သည် (၁) အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ (၂) တန်ဖိုးကွင်းဆက်အတွင်းရှိ စိုက်ပျိုး ရေးနည်းပညာနှင့် (၃) ကျေးလက်ဒေသမှ တောင်သူများအား တိုက်ရိုက်အကျိုးပြုမည့် စိုက်ပျိုးရေးနည်းပညာ ဟူသော ခေါင်းစဉ်သုံးခုဖြင့် အပလီကေးရှင်းများကို ရေးဆွဲခဲ့ကြပါသည်။ ဤပြိုင်ပွဲသည် မြန်မာနိုင်ငံရှိ လူငယ်များ၏ အနာဂတ် အလားအလာနှင့် မြန်မာနိုင်ငံ၌ ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs) ပြည့် မြောက်ရေးတွင် ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုများ တိုးတက်လာခြင်းကို အသိအမှတ်ပြုသော ပွဲတစ်ပွဲ ဖြစ်ပါသည်။

ထိပ်ဆုံးအဖွဲ့ခြောက်ဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် အခြေစိုက်သော ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကုလသမဂ္ဂညီလာခံ (UNCTAD) ၏ နည်းပညာအကူအညီဖြင့် UNDP မှ စီစဉ်ကျင်းပမည့် ခြောက်ရက်တာ စီးပွားရေးစွမ်းဆောင်ရှင် သင်တန်းအစီအစဉ်အား တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ထိုအစီအစဉ်တွင် UNCTAD ၏ အထင်ကရနည်းစနစ်တစ်ခုဖြစ်သော Empretec သင်တန်းနည်းစနစ်ကို အသုံးပြုမည်ဖြစ်ပြီး အောင်မြင်သည့် စီးပွား

ရေးစွမ်းဆောင်ရှင်များ ဖြစ်လာစေရေးအတွက် လိုအပ်သောကျွမ်းကျင်မှုများ ရရှိလာစေရန် လေ့ကျင့်ပေးမည့်သင်တန်း ဖြစ်ပြီး စီးပွားရေးလုပ်ငန်းများအား သင်္ကြာန်တူလေ့ကျင့်ခြင်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

အနိုင်ရသော အဖွဲ့သုံးဖွဲ့သည် အူရီဒူးမြန်မာမှ ချီးမြှင့်မည့် စီးပွားရေးလုပ်ငန်းများ စတင်ရန် လိုအပ်သည့် ကုန်ကျစရိတ်များအတွက် အထောက် အကူဖြစ်စေရန် တစ်ဖွဲ့လျှင် မြန်မာကျပ် ၇ သန်းစီ ရရှိမည်ဖြစ်သလို အူရီဒူးမြန်မာမှ ရုံးခန်းတစ်နှစ်အသုံးပြုခွင့်နှင့် စီးပွားကူးသန်း/နည်းပညာအကူအညီများပံ့ပိုးပေးမည်ဖြစ်ပြီး၊ UNDP မှ တစ်ဖွဲ့လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ တန်ဖိုးရှိသည့် ငွေသား မဟုတ်သော ကူညီပံ့ပိုးမှုများကို ရရှိမည်ဖြစ်သည်။

အူရီဒူးမြန်မာ၏အမှုဆောင်အရာရှိချုပ် Mr. Vikram Sinha က "မြန်မာလူငယ်များဟာ မြန်မာနိုင်ငံရဲ့ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုမှာ အထောက်အပံ့ဖြစ်မယ့် အဆင့်မြင့်နည်းပညာများနဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ အတွေးအကြံ ကောင်းများ ရှိကြကြောင်းကို ဒီ "ဟက်ကသွန် ၂၀၁၈" မှာ ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရတာကြောင့် ဒီပြိုင်ပွဲ အတွက် တကယ့်ကို စိတ်လှုပ်ရှားဝမ်းမြောက်ရပါတယ်။ အူရီဒူးအနေနဲ့ ဉယျာဉ်မှူးတစ်ဦးလို မြန်မာလူငယ်တွေကို သူတို့ရဲ့ အရည်အချင်းတွေကို ထုတ်ပြခွင့်ရဖို့ ကူညီပေးနေတာဖြစ်ပြီး တစ်ချိန်တည်းမှာဘဲ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုနဲ့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ရေး ပါဝင်ကူညီပေးနေတာလဲ ဖြစ်ပါတယ်။ ဟက်ကသွန် ၂၀၁၈ ၏ မိတ်ဖက်များ၊ facilitator များ၊ mentor များ၊ ဒိုင်လူကြီး များနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း" ပြောကြားခဲ့ပါသည်။

UNDP ဌာနေကိုယ်စားလှယ် မစ္စတာပီတာဘတ်ချ်လာက "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမှာ ဒစ်ဂျစ်တယ်နည်း ပညာ ဆန်းသစ်တီထွင်မှုတွေဟာ ပိုပိုပြီး အရေးကြီးလာပါကြပါတယ်။ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်ကဏ္ဍကူးပြောင်းရေးမှာ လူငယ်များ ဦးဆောင်နေတာကို မြင်တွေ့ရတာဟာ အလွန်ပင်စိတ်လှုပ်ရှားဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါတယ်။ UNDP မြန်မာအနေဖြင့် မြန်မာနိုင်ငံရှိ SDG ပန်းတိုင်များ ပြည့်မြောက်ရေး အထောက်အပံ့ပြုရာတွင် အူရီဒူးမြန်မာနှင့်၊ အခြား သော အဓိကကျသည့် အကျိုးသက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ကာ ဤဒစ်ဂျစ်တယ်ကဏ္ဍကူးပြောင်းရေးအတွက် တစ်ဖက်တစ်လမ်း ပါဝင်ကူညီခွင့်ရခြင်းကို အထူးပင် ဝမ်းမြောက်မိပါကြောင်း" ပြောကြားသွားပါသည်။

ကျေးလက်ဒေသမှ တောင်သူများအား တိုက်ရိုက်အကျိုးပြုမည့် စိုက်ပျိုးရေးနည်းပညာ ဟူသော ခေါင်းတွင် အနိုင်ရရှိသော အဖွဲ့ဖြစ်သည့် Team Deca မှ ကိုဖြိုးသူရဌေးက "ကြက်၊ဝက်၊ ဘဲ အစရှိတဲ့ မွေးမြူရေးသမားတွေမှာ အဓိကကြုံတွေ့နေရတာက အထွက်နှုန်းမတိုးဘူး။ ဒါကြောင့် အထွက်နှုန်းပိုကောင်းစေဖို့ စီမံခန့်ခွဲနိုင်တဲ့ စနစ်တစ်ခုကို တီထွင်ပေးတာပါ။ အစာကနေ အသားဖြစ်နှုန်း ဘယ်လိုပိုကောင်းအောင် တွက်ချက်ပုံ၊ ရောဂါဖြစ်တဲ့ ရာသီရောက်ရင်လဲ ရောဂါတွေကို ဘယ်လို ကာကွယ်လို့ရမလဲဆိုတဲ့ ပညာပေးစနစ်တွေကို ပြုလုပ်ပေးထားပါ။ မွေးမြူရေးသမားတွေအတွက် ရရှိမယ့် ရေတိုအကျိုးကတော့ အထွက်တိုးလာတဲ့အတွက် ဝင်ငွေပိုမိုရရှိမှာဖြစ်သလို ရေရှည်အကျိုးအနေနဲ့က ပြည်တွင်းက မွေးမြူရေးခြံလုပ်ငန်းတွေက နိုင်ငံတကာက မွေးမြူရေးကုမ္ပဏီအကြီးလို တက်လှမ်းလာနိုင်လိမ့်မယ်မှာဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

------------------------------------------------------------ End ------------------------------------------------

ထပ်မံသိလိုသည်များ ရှိပါက -
Ooredoo Communication Team | +959 9733 33322 | mhan1@ooredoo.com.mm
UNDP Communication Team | +95 9 7916 39052 | yamon.phu.thit@undp.org

**အူရီဒူးမြန်မာ၏ အကြောင်း**

အူရီဒူးမြန်မာသည် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပေးအပ်မှုတွင် ဦးဆောင်လျှက်ရှိပြီး ၂၀၁၈ခုနှစ် မေလတွင် ဝန်ဆောင်မှုအသုံးပြုသူ ၉သန်းကျော်ရှိလာပြီဖြစ်ပါသည်။

၂၀၁၄ခုနှစ် ဆက်သွယ်ရေးဝန်ဆောင်မှုများကို စတင်ပေးအပ်ပြီးသည့်နောက်တွင် အူရီဒူးသည် 3G နှင့် 2G ကွန်ရက်များကို နိုင်ငံတဝှမ်းတွင် ဖြန့်ကြက်လွှမ်းခြုံခြင်းဖြင့် ဝန်ဆောင်မှုများ ပေးအပ်လျှက်ရှိပြီး အကျယ်ပြန့်ဆုံးနှင့် လိုင်းအတည်ငြိမ်ဆုံး 4G ကွန်ရက်ကိုပါ ဖြန့်ကြက်ပေးထားပါသည်။ Ookla Speedtest Intelligence® ၏ ၂၀၁၈ခုနှစ် Q1-Q2 ဒေတာများအရ အူရီဒူး၏ 4G/3G ကွန်ရက်သည်မြန်မာနိုင်ငံတွင် အမြန်ဆုံးကွန်ရက် အဖြစ်အသိအမှတ်ပြုမှုကို ရရှိခဲ့ပါသည်။ ၎င်းသည် 4G ကွန်ရက်ကို ဆက်လက်ဖြန့်ကြက်ပေးလျှက်ရှိပြီး 4G ကွန်ရက်လွှမ်းခြုံထားသော မြို့နယ်ပေါင်းသည် ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလကုန်တွင် မြို့နယ်ပေါင်း ၃၀၀ အထိ ရှိလာပြီဖြစ်ပါသည်။

ယခုအခါတွင် အူရီဒူးမြန်မာသည် လူမှုဘဝတိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုမည့် မိုဘိုင်းငွေကြေးစနစ်၊ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးကို အထောက်အကူပြုစေမည့် ဝန်ဆောင်မှုများ၊ FTTH ၊ Supernet Wireless နှင့် အခြားများစွာသော ဝန်ဆောင်မှုများစွာကို ပေးအပ်လျှက်ရှိပါသည်။ အင်တာပရိုက်များ၊ အစိုးရရုံးဌာနများ နှင့် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ အတွက်လုပ်ငန်းအရှိန်အဟုန်မြှင့်တင်လုပ်ဆောင်နိုင်ရန်အတွက် Fixed နှင့် Mobile ကဲ့သို့သော အခြေခံ ဆက်သွယ်ရေးဝန်ဆောင်မှုများမှစတင်ပြီး IPVPN ကဲ့သို့သော Business Solution များကို ဝန်ဆောင်မှုပေးအပ်လျှက်ရှိပါသည်။ အူရီဒူးမြန်မာသည် ၎င်း၏ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ နှင့် လူမှုအကျိုးပြုလုပ်ငန်းများဖြစ်သည့် “မိနစ်များများများပြောလေ” အစီအစဉ်၊ UNOPS နှင့်ပူးပေါင်းဆောင်ရွက်ပေးထားသည့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုကွန်ရက် ဆောက်လုပ်ခြင်း အစီအစဉ် နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောက်ရွက်ထားသည့် ရေကောင်းရေသန့်ရရှိရေး အစီအစဉ် စသည်တို့ကို လုပ်ဆောင်ခြင်းဖြင့် မြန်မာပြည်သူများ၏ ဘဝကို တိုးတက်အောင် လုပ်ဆောင်ပေးသွားမည်ဖြစ်ပါသည်။

Instagram:@ooredoomyanmar
Facebook: www.facebook.com/OoredooMyanmar
LinkedIn: www.linkedin.com/company/ooredoomyanmar

**ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)**

UNDP သည် နိုင်ငံပေါင်း ၁၇၀ ကျော်တွင် လုပ်ငန်းများ ဆောင်ရွက်နေပြီး ကမ္ဘာလုံးဆိုင်ရာ အမြင်များ၊ ဒေသန္တရအသိပညာများ၊ နည်းပညာအကူအညီများ၊ မူဝါဒအကြံဉာဏ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကူညီဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ နိုင်ငံများအား အလွန်အမင်းဆင်းရဲမှုကို အဆုံးသတ်ရေး၊ တန်းတူညီမျှမရှိမှုများကို လျှော့ချရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ လုပ်ငန်းစဉ်၏ ပန်းတိုင်များ ပြည့်မြောက်ရေးတို့တွင် ကူညီပံ့ပိုးပေးရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် UNDP သည် မြန်မာပြည်သူများအတွက် ဖွံ့ဖြိုးမှုအကူအညီများ ပေးအပ်လာခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ပြီ ဖြစ်ပါသည်။ ယခုအခါ UNDP မြန်မာသည် SDG ပန်းတိုင်များ ပြည့်မြောက်ရေးအတွက် နိုင်ငံတကာမှ အကောင်းဆုံး ကျင့်သုံးမှု အစဉ်အလာများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများကို မျှဝေပေးခြင်း၊ UN စနစ်၊ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရ၊ မြန်မာပြည်သူများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ၂၀၃၀ လုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဦးစားပေးကိစ္စများကို စုပေါင်းအားဖြင့် အကောင်အထည်ဖော်နိုင်အောင် ပံ့ပိုးကူညီပေးရန် နှစ်မြှုပ်ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။

Facebook: www.facebook.com/UNDPMyanmar
Twitter: www.twitter.com/UNDP_Myanmar
Website: www.mm.undp.org